MAHA
AGRICULTURE
MICROFINANCE

awba group

# NEWSLETTER




မဟာသည် မိမိတို့၏ Environmental, Social and Governance (ESG) မူဝါဒအရ နှစ်စဉ်ပြုလုပ်လျက်ရှိသော လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ၂၀၂၅ခုနှစ် ဇူလိုင်လ (၂၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တန်းစံပြကျေးရွာ ပန်းပျိုးလက်ဘုန်းတော်ကြီးသင် ပရဟိတကျောင်း၏ ဧက(၁၀၀) သစ်တောဧရိယာတွင် နှစ်ရှည်ပင်များဖြစ်ကြသည့် ပျဉ်းကတိုးပင်များနှင့် မန်ဂျာရှား(မလေးရှားပိတောက်)ပင် စုစုပေါင်း (၄၀၀)အား မဟာရုံးချုပ်ဝန်ထမ်းများနှင့်အတူ HM၊ BM များမှ အားတက်သရော ပူးပေါင်းစိုက်ပျိုးခဲ့ကြပါသည်။



ကျွန်ုပ်တို့ မဟာသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ရှေးရှု၍ သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးနိုင်စေရန် အမြဲမပြတ်ကြိုးစားအားထုတ်လျက်ရှိပြီး ကုမ္ပဏီ၏ ESG ပေါ်လစီတွင်လည်း နှစ်အပိုင်းအခြားအလိုက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်မူဝါဒများ ထည့်သွင်းရေးဆွဲကာ နှစ်စဉ်မတူညီသော အစီအစဉ်များဖြင့် တတ်အားသရွေ့ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းမှာ တတိယအကြိမ်ဖြစ်ပြီး မဟာသည် သစ်ပင်စိုက်ပျိုးခြင်းအပြင် Cleaning Initiatives များ၊ လုပ်ငန်းခွင်တွင်း Zero Plastics ပေါ်လစီများ ချမှတ်အကောင် အထည်ဖော်ကာ ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေါ်ပေါက်နိုင်စေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီလျက်ရှိပါသည်။